အောင်ကန်သာကျေးရွာ

သထုံမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း (၂၀၁၉ - ၂၀၂၄)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

အောင်ကန်သာကျေးရွာ၊ သထုံမြို့နယ်

(စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၂၀ ပြည့်နှစ်၊မတ်လ

မာတိကာ

စဉ်	အကြောင်းအရာ	
	စကားချီး	၃
	အောင်ကန်သာကျေးရွာ ကျေရွာသယံဇာတပြမြေပုံ၊သထုံမြို့နယ်	
၁။	**တည်နေရာနှင့်ပထဝီအနေအထား**	
၂။	**ရာသီဥတုနှင့်သဘာဝအရင်းအမြစ်များ**	
၃။	**ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ**	
၄။	**စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ**	
	(က) သီးနှံ စိုက်ပျိုးရေး	
	(ခ) မွေးမြူရေးလုပ်ငန်း	
	(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ	
	(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု	
၅။	**အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ**	
	(က) ကျေးလက်သယ်ယူပို့ဆောင်ရေး	
	(ခ) ကျေးရွာ မီးလင်းရေး	
	(ဂ) သတင်းနှင့်ဆက်သွယ်ရေး	
၆။	**ပညာရေး**	
၇။	**ကျန်းမာရေး၊ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး**	
၈။	**ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး**	
၉။	**ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ**	
၁၀။	**ဦးစားပေးဆောင်ရွက်မည့် အဆိုပြုစီမံချက်လုပ်ငန်းများ**	
နောက်ဆက်တွဲ		
	နောက်ဆက်တွဲ(၁)ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ စာရင်း	
	နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးရေးအထောက်အကူပြု ဇယားများ	
	နောက်ဆက်တွဲ(၃)ကျေးရွာဖွံ့ဖြိုးရေးဗျူဟာ တည်ဆောက်မှု အခြေပြဇယား	

	နောက်ဆက်တွဲ(၄)ဦးစားပေးစီမံချက် အဆိုပြုလွှာ (၁)	
	နောက်ဆက်တွဲ(၅) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၂)	
	နောက်ဆက်တွဲ(၆) ဦးစားပေးစီမံချက် အဆိုပြုလွှာ (၃)	

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာရေးနှစ်မှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အထိ (၅)နှစ်ကြာ အကောင်အထည်ဖော် ဆောင်ရွက်မည့် ကျွန်ုပ်တို့ ကျေးရွာ၏ ပထမဦးဆုံးသော လူထုအများ စုပေါင်းပါဝင်ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဖြစ်ပါသည်။ ကနဦး အနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော စိုက်ပျိုးရေး၊မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင် ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာ ဝန်ထမ်းများကိုလည်း ကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့်လုပ်ထုံး လုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့ အချင်းချင်းတိုင်ပင် ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် သင်တန်းလုပ်ဆောင် ပေးရုံသာမက နည်းပေးလမ်းပြ ကူညီပံ့ပိုးပေးသည့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဝန်ထမ်းများက စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်း

ဂဏန်းနှင့် သတင်းအချက် အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး ကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင် ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ် အဆင့် ဌာနဆိုင်ရာများမှ ရယူရန် လိုအပ်ကြောင်းကိုလည်း ကောင်းစွာသိရှိခဲ့ ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းလာမည်မှာ သေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက် လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှု တစ်ဝက်ခန့် အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများ ၊ ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်း ပြုပြင်ပြောင်းလဲမှုများ ဆက်လက် လုပ်ဆောင် သွားရပါမည်။

ဤဖွံ့ဖြိုးရေး အစီအစဉ်တွင် ဖော်ပြ ပါရှိသော ဦးစားပေး လုပ်ငန်းများအား စုစည်း ဆောင်ရွက်နိုင်ရန် အတွက် ကျေးရွာအုပ်ချုပ်ရေးမှူး၊ မြို့နယ်အဆင့်တွင်လည်း အထေွထွေ အုပ်ချုပ်ရေးဦးစီးဌာန ၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနစသည့် သက်ဆိုင်ရာ ဦးစီးဌာန အသီးသီးတို့၏ ဆက်လက်ပံ့ပိုးမှုများ ရရှိနိုင်မည်ဟု ကျွန်ုပ်တို့ မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေ များကို ဆန်းစစ်သုံးသပ်ရန် နှင့် အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည် ဖြစ်ပါ ကြောင်း ယုံကြည် ပါသည်။


ဤအစီအစဉ်တွင် အဓိကအားဖြင့် ကျေးရွာ၏လက်ရှိဖွံ့ဖြိုးရေး အခြေအနေ၊ ဦးစား ပေး ဆောင်ရွက်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းများ၊ နှစ်စဉ်ဦးစားပေး စီမံချက်အဆိုပြုလွှာ၊ ကျေးရွာ

ဖွံ့ဖြိုးရေးဗျူဟာတည်ဆောက်မှု အခြေပြဇယား စသည်တို့ကို အဓိကထား ဖော်ပြထား ပါသည်။


မတ်လ ၂၀၂၀ ပြည့်နှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့
အောင်ကန်သာကျေးရွာ၊သထုံမြို့နယ်

အောင်ကန်သာကျေးရွာ သယံဇာတပြမြေပုံ၊ သထုံမြို့နယ်



အောင်ကန်သာကျေးရွာ၏ ရာသီခွင်ပြပြကွဒီန်၊ သထုံမြို့နယ်




ဒိုကွက်ရဲ့ကျေးရွာအုပ်စု၊အောင်ကန်သာကျေးရွာ၏ ရာသီခွင်ပြ ပြကွဒီန်

အပြောအပျက်များ	တန်ခူး	ကဆုန်	နယုန်	ဝါဆို	ဝါခေါင်	ဒေါက်သင်္ကြန်	သီတင်းကျွတ်	တန်ဆောင်မုန်း	နှစ်ကော့	ပြာသို	တပို့တွဲ	တပေါင်း
ရာသီဥတု												
အလုပ်အကိုင်	ရေလုပ်ဆို မွေး ဖြူးရေး	အလုပ် ဆို မွေး ဖြူးရေး	ရေလုပ် ဆို မွေးဖြူးရေး	ရေလုပ်ဆို မွေးဖြူးရေး	ရေလုပ်ဆို မွေးဖြူးရေး	မွေးဖြူးရေး ရေလုပ် ဆို	ရေလုပ်ဆို မွေးဖြူးရေး	ရေလုပ်ဆို မွေးဖြူးရေး အုတ်ဖို့လုပ်ဆို	ရေ ၊ မွေး ဖြူး၊ အုတ် ဖို့	ရေ ၊ မွေးဖြူး၊ အုတ်ဖို့	ရေ၊ မွေးဖြူး အုတ်ဖို့	ရေ၊ မွေးဖြူး အုတ်ဖို့
လက်လုပ်လက်စား အိမ်သားမှာ ဝင်ငွေရှိမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်
အသုံးစရိတ်	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ	များ
ချွေးထွေးမိုးအပ်မှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
ဝမ်းစာဖူလုံမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
သောက်သုံးရေ ရရှိမှု	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း	ကောင်း
တိရစ္ဆာန် အစာရရှိမှု	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်	သင့်
တိရစ္ဆာန် ကျော်ကွါ ကျော်ကပ်မှု	ဝက်နာ ကြက်နာ	ဝက်နာ ကြက်နာ	—	—	—	—	—	—	—	—	-	ဝက်နာ ကြက်နာ
ကျန်းမာခြင်း	—	—	ဝမ်းမြွေအဝမ်း ဖျော	ဝမ်းပျက် ဝမ်းလျော	—	—	ဆူးသီဝေါ် တုပ်ဖျား	နှာစေး ချောင်းဆို့	နှာစေး ချောင်း ဆို့	ရေကျောက်၊	ရေကျောက်	ရေကျောက်
အိုးနှိုင်းမွားကျော်ကွါ ကျော်ကပ်မှု	—	—	—	ခြင်္သေ့ကျ ဖို့	ဆစ်ပို့ ခြင်္သေ့ကျ ဖို့	ဆစ်ပို့	ဆစ်ပို့	ဆစ်ပို့	—	—	—	—
ပွဲတော်	သင်္ကြန်	—	—	—	—	—	မီးထွန်းပွဲ	ကထိန်ပွဲ	—	ပဒုမ္မာဖူးပွဲ	ထမံရဲပွဲ	နှစ်သစ်ကူး
သဘာဝဘေးအွန္တရာယ်	—	—	မုန်တိုင်း၊ ကမ္ဘာ ခတ်	မုန်တိုင်း ဝင် အမှား ခတ်	မုန်တိုင်း ကမ္ဘာ ခတ်	မုန်တိုင်း ကမ္ဘာ ခတ်	မုန်တိုင်း ကမ္ဘာ ခတ်	—	—	—	—	—

အောင်ကန်သာကျေးရွာ၏ ဥစ္စာနေအဆင့်၊ သထုံမြို့နယ်

ဒိုက်ရဲကျေးရွာအုပ်စု၊ အောင်ကန်သာကျေးရွာ၏ ဥစ္စာခန့်အဆင့်				
အကြောင်းအရာ	သတ်မှတ်ချက်များ			
	အဆင့်မြင့်သော အိမ်ထောင်စု	အလယ်အလတ်ရှိသော အိမ်ထောင်စု	မလုပ်လည်သော အိမ်ထောင်စု	အလွန်မလုပ်လည်သော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကနှင့်အထက်	—	—	—
အိမ်အခြေအနေ	အုတ်ခဲပြဒိုးထောင်အိမ်၊	အုတ်ခဲပြဒိုးထောင်အိမ်	ဟက်ဆိုးဝါးအိမ်	ဝါးအိမ်ဟက်ဆိုး၊ ဟက်ဆိုးဟက်ကာအိမ်
ကုန်ကုတ်လုပ်ငန်းဆိုင်သော ပိုင်ဆိုင်မှု	ထော်လာကျီ၊ဆိုင်ကယ်၊ စက်ဘီး၊	လှေ၊ဆိုင်ကယ်၊ စက်ဘီး၊	လှေ၊စက်ဘီး၊	—
အဓိကစီးပွားရေးလုပ်ငန်း	လယ်ယာ / ရေလုပ်ငန်းခွင်ရေး	ရေ / ငွေးဖြူရေး	ရေ / ငွေးဖြူရေး	ကျေးကျွန်
အိမ်ထောင်စု	၄	၅၀	၃၀	၁၁၉

အောင်ကန်သာကျေးရွာ၏ ရွာတွင်းရွာပြင်ဆက်သွယ်ဆောင်ရွက်နေကြသောအဖွဲ့အစည်းများ၊ သထုံမြို့နယ်



၁။ တည်နေရာနှင့် ပထဝီဝင် အနေအထား

အောင်ကန်သာကျေးရွာသည် မွန်ပြည်နယ်၊ သထုံခရိုင်၊ သထုံမြို့နယ်၏ ဇိုက္ကရဲကျေးရွာ အုပ်စုတွင် တည်ရှိပါသည်။ ကျေးရွာ၏ အရှေ့ဘက်တွင် **ဇိုက္ကရဲ ကျေးရွာ၊ အနောက်ဘက်တွင် မုတ္တမပင်လယ်ကွေ့၊ တောင်ဘက်တွင်သုံးအိမ်စုကျေးရွာ၊ မြောက်ဘက်တွင်ထိန်ပင်ကျေးရွာ တည်ရှိပါသည်။ကျေးရွာတွင်ဗမာလူမျိုးအများစုနှင့် မွန်၊ကရင်လူမျိုး အနည်းငယ် စုပေါင်း နေထိုင်ကြပြီး ဗုဒ္ဓဘာသာကိုးကွယ်ကြပါသည်။**

၂။ ရာသီဥတုနှင့် သဘာဝ အရင်းအမြစ်များ

ကျေးရွာ၏ ရွာသီဥတုမှာ သမပိုင်းရာသီဥတုဖြစ်ပြီး အပူအအေးမျှတမှု ရှိပါသည်။ လယ်မြေ(၄၆)ဧကရှိပြီး ဧကအားလုံးစိုက်ပျိုးနိုင်ပါသည်။ အိမ်ခြံမြေများတွင် ရာသီအလိုက် ဟင်းသီးဟင်းရွက်ပင်များကို တစ်ပိုင်တစ်နိုင်စိုက်ပျိုးကြပါသည်။ မြေဆီလွှာ အရည်အသွေးမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ပင်လယ်နှင့်နီးသဖြင့် ပင်လယ်ကမ်းပါး တစ်လျှောက်ငါး၊ ပုစွန်၊ ဂဏာန်းများကို စီးပွားဖြစ်အလွယ်တကူဖမ်းယူနိုင်ကြပါသည်။

၃။ ဖွံ့ဖြိုးရေးဆိုင်ရာ စီမံခန့်ခွဲမှု အခြေအနေ

ကျေးရွာအတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများတွင် သာရေး/နာရေးအဖွဲ့ (ကျား - ၁၂ ဦး+ မ-၁ ဦး)သည် ကျေးရွာ၏ ဘာသာရေး၊ သာရေး၊နာရေး၊လူမှုဖွံ့ဖြိုးရေးလုပ်ငန်းတို့တွင် စည်းလုံးစွာလုပ်ဆောင်နေကြပါသည်။ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ (ကျား - ၁၂ ဦး+ မ-၃ဦး)တို့သည် ကျေးရွာ၏မွေးမြူရေး၊ ငွေကြေး၊ လူမှုဖွံ့ဖြိုးရေးတို့တွင် အားတက်သရော လုပ်ဆောင်ပေးနေကြပါသည်။ ကျောင်းအကျိုးတော်ဆောင်အဖွဲ့(ကျား - ၈ ဦး+ မ-၇ ဦး)သည် ကျေးရွာ၏ပညာရေးကဏ္ဍတိုးတက်စေရေး အတွက် ကူညီလုပ်ဆောင်နေကြပါသည်။မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့(မ-၅ ဦး)နှင့် အမျိုးသမီးရေးရာအဖွဲ့(မ-၅ ဦး)တို့သည် ကျေးရွာ၏ကျန်းမာရေး၊ လူမှုဖွံ့ဖြိုးရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ကြပါသည်။ကာလသားအဖွဲ့(ကျား-၄၀ဦး)၊ ကာလသမီးအဖွဲ့(မ-၃၃ဦး) နှင့် အိုးသူကြီးအဖွဲ့(ကျား-၃ဦး+ မ-၁ဦး)တို့သည် ကျေးရွာ၏သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးနှင့် ဘာသာရေးတို့တွင် တက်ကြွစွာဆောင်ရွက်ပေးလျှက်ရှိပါသည်။ အုပ်ချုပ်ရေးအဖွဲ့တွင် (ကျား-၁၅ဦး+မ-၂ဦး)တို့ဖြင့် ဖွဲ့စည်းထားပြီး ကျေးရွာ၏ပညာရေး၊ ကျန်းမာရေး၊ ဘာသာရေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ လုံခြုံရေးနှင့်ကာကွယ်ရေးတို့တွင် ဦးဆောင်လုပ်ကိုင် ပေးလျှက်ရှိပါသည်။

ကျေးရွာအတွင်းရှိ အဖွဲ့အစည်းများသည် တစ်ဖွဲ့နှင့် တစ်ဖွဲ့ စုစည်းညီညွတ်စွာဖြင့် ကျေးရွာဖွံ့ဖြိုးရေးအတွက် အားတက်သရော စုပေါင်းလုပ်ဆောင်နေကြပါသည်။

ကျေးရွာပြင်ပမှ ပုဂ္ဂလိကငွေစုငွေချေး အဖွဲ့များဖြစ်သည့် Easy, BNK, Vesion Myanmarတို့သည် ကျေးရွာသူ/သားများကို ချေးငွေများထုတ်ချေးပေးသည့် အတွက် ရင်းနှီးငွေများ တိုးပွားလာသဖြင့်လုပ်ငန်းများ ပိုမိုတွင်ကျယ်စွာလုပ်ကိုင်နိုင်ကြ**ပါသည်။** Switzerland **နိုင်ငံမှ မုတ္တမပင်လယ်ကွေ့ စီမံချက်ရေးဆွဲပြီး ကျေးရွာအတွင်း၌ မွေးမြူရေး လုပ်ငန်း၊ ငွေကြေး၊ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေးတို့ကို ဆောင်ရွက်ပေးလျှက်ရှိပါသည်။**

၄။ စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(က) သီးနှံ စိုက်ပျိုးရေး

အောင်ကန်သာကျေးရွာတွင် (၁၂.၅)ဧကအထက် တောင်သူကြီး(၁)အိမ်ထောင်စု၊ ၅ဧကမှ ၁၂.၅ဧကကြား တောင်သူလတ်(၄)အိမ်ထောင်စုနှင့် ၂.၅ဧကမှ ၅ဧကကြား တောင်သူငယ် (၂)အိမ်ထောင်စုရှိကြပြီး မိုးစပါးကိုသာ စိုက်ပျိုးကြပါသည်။

မြေယာမဲ့အိမ်ထောင်စု(၁၉၆)စုရှိပြီး အများစုမှာ ရေလုပ်ငန်းကို အဓိကထား လုပ်ကိုင်ကြပြီး ကျန်အိမ်ထောင်စုများမှာ နေ့စားကျပန်းနှင့် ပြည်တွင်း ပြည်ပသို့ သွားရောက် လုပ်ကိုင်နေကြပါသည်။ ကျေးရွာတွင်လယ်ယာစိုက်ပျိုးမှု နည်းပါးပြီး ရေလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်နေကြပါသည်။ လယ်ယာသုံးစက်ကိရိယာများကို ငှားရမ်းသုံးစွဲ နေကြပါသည်။

(ခ) မွေးမြူရေးလုပ်ငန်း

ကျေးရွာတွင် နွားမွေးမြူထားသည့် အိမ်ထောင်စု(၃)အိမ်ထောင်စု ရှိပြီး နွားကောင်ရေ (၄)ကောင်၊ ဝက်မွေးမြူသည့်အိမ်ထောင်စု(၃၅)စုမှ ဝက်(၆၇)ကောင်၊ ကြက်ကောင်ရေ (၃၈၂)ကောင်ကို အိမ်ထောင်စု(၁၀)စုတို့မှ မွေးမြူထားပြီး အိမ်ထောင်စု(၁၆)စုတို့သည် ဘဲကောင်ရေ(၆၅)ကောင် စသည်ဖြင့် တစ်ပိုင်တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်နေကြပါသည်။

မွေးမြူရေးနှင့်ပတ်သက်သည့် နည်းပညာများနှင့် ကာကွယ်ဆေးထိုးပေးခြင်း ဝန်ဆောင်မှုများ မရရှိသဖြင့် ရာသီကူးပြောင်းချိန်တွင် **ရောဂါများ ကူးစက်ခံရပြီး ဆုံးရှုံးမှု အနည်းငယ် ရှိ**ပါသည်။ ငါးမွေးမြူသည့် အိမ်ထောင်စု(၁)စုနှင့် ဂဏန်းမွေးမြူသည့် အိမ်ထောင်စု(၁)စု ရှိပါသည်။ ကမ်းနီးငါးဖမ်းလုပ်ငန်း လုပ်ကိုင်ကြသည့် အိမ်ထောင်စု အများအပြားရှိပါသည်။

(ဂ) စိုက်ပျိုးမွေးမြူရေး မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်းများ

ကျေးရွာတွင် တစ်ပိုင်တစ်နိုင်စျေးဆိုင်များ၊ လက်သမား၊ ပန်းရံလုပ်ငန်းများကိုလည်း လုပ်ကိုင်ကြပါသည်။ ကျေးရွာအတွင်း၌ ကျွမ်းကျင်သက်မွေးအတတ်ပညာတတ်မြောက်မှု မရှိခြင်းတို့ကြောင့် အလုပ်အကိုင်အခွင့်အလမ်းနည်းပါးသဖြင့် ပြည်တွင်းရှိ အခြားဒေသများနှင့် နိုင်ငံရပ်ခြားဒေသများသို့ သွားရောက်လုပ်ကိုင်သူဦးရေ များပြားသဖြင့် လုပ်သားအင်အားရှားပါးလာပါသည်။

(ဃ) ဘဏ်နှင့် ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ပုဂ္ဂလိက ငွေစုငွေချေးများထံမှ တစ်လအတိုးနှုန်း(၂.၅)ရာခိုင်နှုန်းဖြင့် ချေးငွေများရယူကာ မွေးမြူရေးလုပ်ငန်းများ၊ ဝင်ငွေရလုပ်ငန်းများကို တိုးချဲ့ဆောင်ရွက်နေကြပါသည်။ မုတ္တမပင်လယ်ကွေ့အဖွဲ့မှ ရန်ပုံငွေထူထောင်ကာ ကျေးရွာအတွင်းရှိ ရေလုပ်သားများကို ရင်းနှီးငွေများ ထုတ်ချေးပေးကာ ရရှိလာသောအတိုးငွေများကို ရန်ပုံငွေလည်ပတ်စေရေးနှင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် အသုံးပြုနေကြပါသည်။

၅။ အခြေခံအဆောက်အဦနှင့် ဝန်ဆောင်မှုများ

(က) ကျေးလက် သယ်ယူပို့ဆောင်ရေး

ကျေးရွာတွင် လှေ(၆၃)စီး၊စက်လှေ(၇)စီး၊ မော်တော်ဆိုင်ကယ်(၃၄)စီး၊ သုံးဘီးဆိုင်ကယ် (၁၂)စီး၊ ထော်လာကျီ(၃)စီး၊ ကား(၁)စီး၊ လှည်း(၁)စီး စသည်ဖြင့် သွားလာရေးနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍအတွက် အသုံးပြုနေကြပါသည်။

ကျေးရွာအတွင်းတွင် ကွန်ကရစ်လမ်း(၁)လမ်းနှင့် မြေသားလမ်း(၁၄)လမ်းရှိပါသည်။ ရွာအဝင်လမ်းနှင့် ရွာတွင်းလမ်းအများစုမှာ မြေသားလမ်းဖြစ်သဖြင့် နွေရာသီ၌ဖုန်ထူခြင်း၊ မိုးရာသီတွင်ဗွက်ထခြင်း၊ လမ်းချောခြင်းတို့ကြောင့် သွားလာရခက်ခဲပါသည်။ ရွာချင်းဆက် ကျေးရွာများသို့ လယ်ကွင်းများကိုဖြတ်သန်း၍သာ သွားလာနိုင်ပါသည်။ ရွာချင်းဆက် လမ်းများမှာ နွေရာသီတွင်သာ အသုံးပြုနိုင်ပြီး မိုးအခါရေကြောင်းလမ်းကိုသာအဓိကထား၍ သွားလာနိုင်ပါသည်။ ကျေးရွာချင်းဆက်လမ်းများဖြစ်သော (ထိန်ပင်-အောင်ကန်သာ)၊ (အောင်ကန်သာ-သုံးအိမ်စု)နှင့် လယ်ယာကုန်ထုတ်လမ်းကို ယခုနှစ်တွင် ဖောက်လုပ်နေဆဲ ဖြစ်ပါသည်။ ရွာချင်းဆက်လမ်းနှစ်သွယ်ကို UNDPမှ ငွေကြေးအထောက်အပံ့ပေးကာ လမ်းပန်းဆက်သွယ်ရေးကောင်းမွန်အောင် ဆောင်ရွက်ပေးပါသည်။

အောင်ကန်သာကျေးရွာတွင် (၁၀၅'x၆')သစ်သားတံတား (၁)စင်းရှိပါသည်။ လူများ၊စက်ဘီး၊ဆိုင်ကယ်များသာ ဖြတ်သန်းသွားလာနိုင်ပါသည်။

(ခ) ကျေးရွာ မီးလင်းရေး

ကျေးရွာတွင် န.တ.လဦးစီးဌာနမှ ထောက်ပံ့ပေးသော ဒီဇယ်အင်ဂျင်မီးစက်နှင့် ကျေးရွာပိုင် မီးစက်တို့ကို အလှည့်ကျမောင်းနှင်ကာ အိမ်ထောင်စု(၁၄၆)စုတို့ကို လျှပ်စစ်ဓါတ်အားဖြန့်ဝေပေးလျှက်ရှိပါသည်။ မီးကော်မတီဖွဲ့စည်းထားရှိကာ အိမ်ထောင်စုများထံမှ အသုံးပြုသည့် လျှပ်စစ်ပစ္စည်းများပေါ်မူတည်၍ ကျသင့်ငွေများ ကောက်ခံကာ လုပ်ငန်းလည်ပတ်ရေးနှင့် ပြင်ဆင်ထိန်းသိမ်းရေးတို့ကို ဆောင်ရွက်နေကြပါသည်။ ကိုယ်ပိုင်မီးစက်အသုံးပြုသည့် အိမ်ထောင်စု(၅၃)စုရှိပါသည်။ ဆိုလာအသုံးပြုသည့် အိမ်ထောင်စု များလည်းရှိပါသည်။ နောင်တစ်ချိန်တွင် လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာပြီး မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိလာပါက ကျေးရွာဖွံ့ဖြိုးရေးအတွက် ပိုမိုအဆင်ပြေလာမည်။

(ဂ) သတင်းနှင့် ဆက်သွယ်ရေး

အောင်ကန်သာကျေးရွာတွင် ဆက်သွယ်ရေးနှင့် သတင်းအချက်အလက်များကို လက်ကိုင်ဖုန်း (၂၂၂) လုံး၊ ရေဒီယို (၅၈) လုံး၊ တီဗွီ (၁၂၄) လုံး၊ ဂြိုလ်တုစလောင်း (၁၀၃) လုံး စသည်တို့မှ ရရှိပါသည်။ ကျေးရွာအနီးရှိ အခြားကျေးရွာများတွင် ဆက်သွယ်ရေး တာဝါတိုင်များရှိသောကြောင့် ဆက်သွယ်ရေးဆိုင်ရာအခက်အခဲများ နည်းပါးပါသည်။

၆။ ပညာရေး

ကျေးရွာတွင် အလယ်တန်းကျောင်းခွဲတစ်ကျောင်းရှိပါသည်။ စာသင်ဆောင်(၃)ဆောင်ရှိသဖြင့် ကျောင်းသူ/သားများ စာသင်ရန်အတွက် လုံလောက်သော်လည်း စာသင်ဆောင်(၂)ဆောင်မှာ အမိုး၊အကာမကောင်းတော့သဖြင့် ကျောင်းသူ/သားများ စာသင်ကြားရာ၌ အဆင်မပြေမှုများရှိနေပါသည်။ ကျောင်းဆောင်သစ်(၂)ဆောင် ရရှိပါက ကျောင်းသူ/သားများ ပညာသင်ကြားရာတွင် အဆင်ပြေလာပါမည်။ ကျောင်းသူ/သားဦးရေ တိုးပွားလာသောကြောင့် ကျောင်းအိမ်သာ(၂)ခန်းတွဲ တစ်လုံးလည်း လိုအပ်နေပါသည်။ နယ်ဝေးမှ လာသောဆရာ/မများအတွက် ဝန်ထမ်းအိမ်ရာ တစ်လုံး လိုအပ်နေပါသည်။

ကျေးရွာတွင် စာမတတ်သည့် လူဦးရေအများစုမှာ သက်ကြီးရွယ်အိုများဖြစ်ကြပါသည်။ မူလတန်းအဆင့်စာတတ်မြောက်သည့် လူဦးရေမှာ(၇၀.၁၅%)အထိ များပြားလာခြင်းနှင့် အလယ်တန်းအဆင့်စာတတ်မြောက်သူများမှာ (၁၅.၀၄%)၊အထက်တန်းအဆင့်စာတတ်မြောက်သူမှာ (၂.၄၉%)နှင့် တက္ကသိုလ်အဆင့်စာတတ်မြောက်မှုမှာ (၀.၈၃%)တို့ရှိခြင်းကြောင့် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင် လူစွမ်းအား အရင်းအမြစ်ကောင်းများရှိနေပါသည်။

၇။ ကျန်းမာရေး၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေး

ကျေးရွာတွင် ကျေးလက်ကျန်းမာရေးဆေးပေးခန်းမရှိသော်လည်း ကျန်းမာရေးဌာနဝန်ထမ်းမှ ကျေးရွာသို့လိုအပ်သည့် ကာကွယ်ဆေးများ နှစ်စဉ် လာရောက် ထိုးနှံပေးခြင်းရှိပါသည်။ ကျေးရွာတွင် အရပ်လက်သည်သာ ရှိပါသည်။ သို့ဖြစ်ပါ၍ ကျေးရွာတွင် ကျန်းမာရေးဆေးပေးခန်းနှင့် ကျန်းမာရေးဝန်ထမ်း လိုအပ်ပါသည်။

မိုးရေလှောင်ကန်များမှ သောက်ရေသုံးရေများကို သုံးစွဲနေကြပါသည်။ သောက်ရေကန်(၂)ကန်နှင့် သုံးရေကန်(၄)ကန်ရှိပါသည်။ တစ်နှစ်ပတ်လုံး ရေလုံလောက်မှုရှိပါသည်။ သုံးရေကန်တစ်ကန်သာ ခြံစည်းရိုးခတ်ထားပါသည်။ သုံးရေကန်ကို ကျောက်စီနံရံကာ၍ ရေစစ်ကန်တည်ဆောက်ပါက ကျေးရွာသူ/သားများအတွက် ပိုမို သန့်ရှင်းသော ရေကို သုံးစွဲလာနိုင်ပါမည်။ သုံးရေကန်(၁)ကန်ကိုလည်း ခြံစည်းရိုးခတ်ချင်ပါသည်။ သန့်ရှင်းသော ယင်လုံအိမ်သာအသုံးပြုသည့် အိမ်ထောင်စု (၂၅%) ခန့်သာရှိပြီး ကျန်အိမ်ထောင်စုများမှာ ကျန်းမာရေးအသိအမြင်နှင့် ဗဟုသုတအားနည်းခြင်း၊ နေအိမ်တွင် ညအချိန်၌သာ အနေများခြင်း၊ ဝမ်းရေးကိုသာ အားစိုက်နေရခြင်း တို့ကြောင့် အိမ်သာဆောက်လုပ်အသုံးပြုနိုင်ခြင်း မရှိကြခြင်းဖြစ်ပါသည်။

၈။ ဘေးအန္တရာယ်များနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေး

ကျေးရွာအနီးတွင် ချောင်း၊ပင်လယ်ရှိသဖြင့် မိုးရာသီတွင် ရေလွှမ်းမိုးခြင်းများရှိပါသည်။ ပင်လယ်ရေငုံတက်သဖြင့် ဒီရေတောများပြုန်းမှုရှိပါသည်။ မုတ္တမပင်လယ်ကွေ့စိမ်းကိန်း အဖွဲ့ကော်မတီဝင်များမှ ဦးဆောင်၍ ကျေးရွာတွင် အမှိုက်ပုံးများထားရှိပြီး စွန့်ပစ်အမှိုက်များ စနစ်တကျခန့်ခွဲ၍ စွန့်ပစ်ရန်နှင့် အမှိုက်ပစ်ရန်သတ်မှတ်ထားသော ကျေးရွာ၏အနောက်ဘက်သို့ ဖွဲ့စည်းထားသော ကော်မတီဝင်များမှ (၁)လနှစ်ကြိမ် သွားရောက်စွန့်ပစ်နိုင်ရန် စီစဉ် ဆောင်ရွက်ထားပါသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့်

ပင်လယ်နေရေသတ္တဝါများ အဆိပ်အတောက် ကင်းဝေးလာပါမည်။ ကျေးရွာတွင် တီဗွီရောဂါဖြစ်ပွားမှု အနည်းငယ်ရှိပါသည်။ ယခုအချိန်တွင် ၄ က်ဖျားဖြစ်ပွားသော လူနာ မရှိသော်လည်း ရှေးယခင်နှစ်များက ၄ က်ဖျားရောဂါဖြစ်ပွားခဲ့ဖူးသော လူနာအနည်းငယ် ရှိပါသည်။ ကြက်၊ဝက်များသည် ရာသီကူးပြောင်းကာလတွင် ကြက်နာ၊ဝက်နာဖြစ်ပွားမှု အနည်းငယ် ရှိပါသည်။

၉။ ကျား-မ ရေးရာ ကိစ္စရပ်ဆိုင်ရာ

ကျေးရွာစီမံခန့်ခွဲမှုအပိုင်းတွင် အမျိုးသမီးများ ပါဝင်မှု ရှိသည်ကို တွေ့ရှိရပါသည်။ အမျိုးသမီးများသည် အမျိုးသားများနှင့်အတူတက္ပ ပူးပေါင်းကာ ကျေးရွာဖွံ့ဖြိုးရေး၊ သာရေး၊နာရေးတို့တွင် တက်ကြွစွာဆောင်ရွက်နေကြပါသည်။ ကျေးရွာအတွင်းတွင် အမျိုးသမီးအကြမ်းဖက်မှုများမရှိပါ။

၁၀။ ဦးစားပေးဆောင်ရွက်မည့် အဆိုပြု စီမံချက်လုပ်ငန်းများ

ကျေးရွာအုပ်စုအမည် – ဇိုက္ကရဲကျေးရွာအုပ်စု			ကျေးရွာအမည် – အောင်ကန်သာကျေးရွာ	
စဉ်	ကဏ္ဍ	စီမံချက်ဆိုလိုရင်း	စီမံချက်နှင့်လုပ်ငန်းစဉ်များ	မှတ်ချက်
၁	အခြေခံအဆောက်အဦ	ကျေးလက် လမ်းတံတား	ရွာထိပ်လမ်း(၁၂၆၀–)အား ကွန်ကရစ်ခင်းခြင်း	ဦးစားပေး၁
၂	ကျန်းမာရေး	ကျေးလက်ကျန်းမာရေး ဆေးပေးခန်း	ကျေးလက်ဆေးပေးခန်း (၆၀—+၄၀—)အား တည်ဆောက်ခြင်း	ဦးစားပေး၂
၃	ပညာရေး	ကျောင်းအဆောက်အဦ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းခြံစည်းရိုးအုတ်နံရံကာရံခြင်း(၂၀၀–x၂+၁၆၀–x၂–)	ဦးစားပေး၃
၄	အခြေခံအဆောက်အဦ	သောက်သုံးရေ	မြေသားရေကန်အား ကျောက်စီနံရံတည်ဆောက်ခြင်းနှင့် ရေသန့်ကန်တည်ဆောက်ခြင်း	ဦးစားပေး၄
၅	ပညာရေး	ကျောင်းအဆောက်အဦ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းစာကြည့်တိုက် တည်ဆောက်ခြင်း	ဦးစားပေး၅

၆	ထုတ်ကုန်လုပ်ငန်းနှင့်အသေးစား အလတ်စားစီးပွားရေးလုပ်ငန်းဆိုင်ရာ	ထုတ်ကုန်လုပ်ငန်းများ၊ SMLE	ဆံပင်ညှပ်/ စက်ချုပ်/ ကွန်ပျူတာ/ အလှပြင် သင်တန်းဖွင့်လှစ်ခြင်း။	ဦးစားပေး၆
၇	လူငယ်နှင့်အားကစား	အားကစား	အားကစားကွင်းတည်ဆောက်ခြင်း/အားကစားပစ္စည်း အထောက်အပံ့ရယူခြင်း	ဦးစားပေး၇
၈	အခြေခံအဆောက်အဦ	သောက်သုံးရေ	သောက်သုံးရေကန်ခြံစည်းရိုးကာရံခြင်း	ဦးစားပေး၈
၉	ပညာရေး	ဆရာ/မ ဝန်ထမ်းအိမ်ရာ	ဝန်ထမ်းအိမ်ရာသစ်တည်ဆောက်ခြင်း	ဦးစားပေး၉
၁၀	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအိမ်သာ(၂)ခန်းတွဲ(၁)လုံးတည်ဆောက်ခြင်း။	ဦးစားပေး ၁၀
၁၁	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းဆောင်သစ်(၁၂၀—x၃၀—)အား တည်ဆောက်ခြင်း	ဦးစားပေး ၁၁
၁၂	ပညာရေး	ကျောင်းအဆောက်အဦ၊ ပရိဘောဂ၊ သင်ထောက်ကူ	ကျောင်းအမိုးအကာပြုပြင်ခြင်း၊ ကျောင်းပရိဘောဂ ဖြည့်တင်းခြင်း	ဦးစားပေး ၁၂

၁၃	မွေးမြူရေး	နည်းပညာ	မွေးမြူရေးဦးစီးဌာနနှင့် ချိတ်ဆက်၍မွေးမြူရေး နည်းပညာသင်တန်းဖွင့်လှစ်ခြင်း	ဦးစားပေး ၁၃

နောက်ဆက်တွဲ(၁)

အောင်ကန်သာကျေးရွာ၊ဇိုက္ကရဲကျေးရွာအုပ်စု ၊ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များစာရင်း

စဉ်	အမည်	အဘအမည်	မှတ်ပုံတင်အမှတ်	အသက်	တာဝန်	ဖုန်းနံပါတ်
၁	ဦးချစ်အောင်	ဦးတင်ငွေ	၁၀/သထန(နိုင်)၁၉၄၇၁၅	၄၈	နာယက(အုပ်/မှူး)	၀၉-၄၀၁၆၉၀၉၁၈
၂	ဦးစိုးခင်	ဦးပါငြိမ်း	၁၀/သထန(နိုင်)၁၆၀၉၈၀	၅၆	နာယက	
၃	ဦးစိုး	ဦးထွန်းရှိန်	၁၀/သထန(နိုင်)၀၈၁၈၇၂	၆၃	နာယက	
၄	ဦးလှမြင့်	ဦးမောင်ရွှေ	၁၀/သထန(နိုင်)၁၃၅၁၆၈	၅၉	ဥက္ကဋ္ဌ	၀၉-၄၀၁၃၆၉၈၉၇
၅	ဦးတင်လှ	ဦးလှမောင်	၁၀/သထန(နိုင်)၁၉၄၆၆၆	၆၂	အတွင်းရေးမှူး	၀၉-၈၉၅၉၆၃၈၉၅
၆	ဦးစံဝင်း	ဦးတင်မောင်	၁၀/သထန(နိုင်)၂၀၅၃၀၀	၆၀	ဘဏ္ဍာရေးမှူး	၀၉-၄၅၈၁၀၁၆၅၁
၇	ဦးအောင်ဝင်း	ဦးဝင်းမောင်	၁၀/သထန(နိုင်) ၁၉၄၇၆၆	၄၈	အဖွဲ့ဝင်	၀၉-၄၂၂၀၆၄၃၃၁
၈	ဦးကျော်ကိုကိုခန့်	ဦးသိန်းထွန်းဇော်	၁၀/သထန (နိုင်) ၂၁၉၃၅၆	၂၂	အဖွဲ့ဝင်	
၉	ဦးအောင်မြင့်	ဦးဖိုးကျော်	၁၀/သထန(နိုင်) ၁၉၄၇၅၂	၅၉	အဖွဲ့ဝင်	၀၉-၆၉၀၉၈၇၉၇၆
၁၀	ဦးဌေး	ဦးအောင်တင်	၁၀/သထန(နိုင်)၂၀၅၂၉၄	၅၂	အဖွဲ့ဝင်	၀၉-၆၉၀၈၃၀၁၆၀

၁၁	ဒေါ်မြိုင်မြိုင်အေး	ဦးတင်ညွန့်	၁၀/သထန(နိုင်) ၁၆၀၉၆၇	၃၉	အဖွဲ့ဝင်	
၁၂	ဒေါ်မိနိုင်	ဦးပိန်	၁၀/သထန(နိုင်) ၂၀၅၃၉၃	၄၇	အဖွဲ့ဝင်	
၁၃	ဒေါ်ကြည်သန်း	ဦးမန်းနီး	၁၀/သထန(နိုင်)၀၇၅၉၉၉	၆၂	အဖွဲ့ဝင်	
၁၄	ဒေါ်တင်တင်ရွှေ	ဦးမောင်လေး	၁၀/သထန(နိုင်)၂၄၅၇၆၃	၅၅	စာရင်းကိုင်	
၁၅	ဒေါ်ဇင်မာဦး	ဦးကျော်မင်း	၁၀/သထန(နိုင်)၁၄၈၁၆၉	၄၄	အဖွဲ့ဝင်	

ကျေးရွာဖွံ့ဖြိုးရေး အထောက်အကူပြု ဇယားများ

(၁) ကျေးရွာ လူမှုစီးပွားရေး အခြေအနေ

(က) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား (၁) လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

အသက်အုပ်စု		ကျား	မ	စုစုပေါင်း
၁ နှစ် အောက်	နို့စို့အရွယ်	၇	၅	၁၂
၁ နှစ်မှ ၄ နှစ် အထိ	၅ နှစ်အောက်ကလေးငယ်	၃၈	၄၉	၈၇
၅ နှစ်မှ ၉ နှစ် အထိ	မူလတန်းကျောင်းသားအရွယ်	၆၁	၅၄	၁၁၅
၁၀ နှစ်မှ ၁၄ နှစ် အထိ	အလယ်တန်းကျောင်းသားအရွယ်	၆၂	၇၁	၁၃၃
၁၅ နှစ်မှ ၆၄ နှစ် အထိ	အလုပ်လုပ်နိုင်သည့်အရွယ်	၄၁၈	၄၁၂	၈၃၀
၆၅ နှစ် အထက်	သက်ကြီးရွယ်ကြီး	၁၂	၁၄	၂၆
စုစုပေါင်း		**၅၉၈**	**၆၀၅**	**၁၂၀၃**
စုစုပေါင်း အိမ်ထောင်စု		**၂၀၃**		

ရင်းမြစ်...(၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ (၃) ဆယ်အိမ်စုဆွေးနွေးပွဲ။

လေ့လာတွေ့ရှိချက်။ ။ ဇိုက္ကရဲကျေးရွာအုပ်စု၊ အောင်ကန်သာကျေးရွာတွင် အိမ်ထောင်စု(၂၀၃)၊ လူဦးရေ(၁၂၀၃)နေထိုင်သော ပင်လယ်ကမ်းနားနီး ကျေးရွာတစ်ရွာဖြစ်ပါသည်။ ကျေးရွာတွင် အလုပ်လုပ်နိုင်သည့်လူဦးရေအများဆုံး နေထိုင်ကြောင်းတွေ့ရှိရပါသည်။ ထို့ကြောင့် ကျေးရွာအတွင်း အလုပ် လုပ်နိုင်သော လူဦးရေ များပြားမှုကြောင့် လူသားအရင်းအမြစ် ကောင်းများအဖြစ် ကျေးရွာ ဖွံ့ဖြိုးတိုးတက်ရေး အတွက် ထောက်ပံ့မှု ပေးနိုင်ပါသည်။

(ခ) အလုပ်လုပ်နိုင်သူ အင်အား

(ခ-၁) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား (၂) လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
စိုက်ပျိုးစီးပွား လုပ်ငန်းများ					
၁	**လယ်ယာစိုက်ပျိုးရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၅	၁၁	–	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် □ လတ်□ နိမ့် ✓

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၂	**တိရစ္ဆာန် မွေးမြူရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၃	**ငါးလုပ်ငန်း (ရေချို/ရေငန်ငါး/ပုစွန် စသော ရေသတ္တဝါများ ဖမ်းခြင်း၊ မွေးမြူခြင်း)**				
	ကိုယ်ပိုင် လုပ်ငန်း	၄၈	၆၇	-	မြင့် ✓ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၃၇	၄၅	-	မြင့် ✓ လတ်□ နိမ့် □
၄	**သစ်တောလုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
စိုက်ပျိုးမွေးမြူရေးမဟုတ်သော အခြားဝင်ငွေရလုပ်ငန်းများ					
၅	**သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေးနှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၆	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၇	**လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၈	**ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၂	၇	-	မြင့် □ လတ်✓ နိမ့် □
၉	**ယာဉ်၊ စက်ကိရိယာနှင့် တာရှည်ခံအိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၀	**ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
၁၁	**လက်လီ- လက်ကား ရောင်းဝယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	၁၃	၁၅	၁	မြင့် □ လတ်✓ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	၁	၁	-	မြင့် □ လတ်✓ နိမ့် □

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်းမဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
၁၂	**ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၃	**ပို့ဆောင်ရေး၊ သိုလှောင်ရေးနှင့် ဆက်သွယ်ရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၄	**ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၅	**အိမ်ခြံမြေ၊ ယာဉ်၊ စက်ကိရိယာ၊ ရောင်းဝယ် ငှားရမ်းခြင်းနှင့် ဆက်စပ်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၆	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေးနှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၇	**ပညာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၈	**ကျန်းမာရေး**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၁၉	**လူမှုရေး လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် ☐ လတ်☐ နိမ့် ☐
၂၀	**အိမ်များတွင် အင်္ဂါးလိုက်လုပ်သူများနှင့် အမျိုးအမည် မဖော်ပြနိုင်သော လုပ်ငန်းများ**				
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	☒
	အလုပ်သမား / ကျပန်း / ရာသီအလိုက် အလုပ်သမား	၉၆	၁၂၈	၁၇၆	
၂၁	**ပြင်ပအဖွဲ့အစည်းများနှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		အဓိက ဝင်ငွေရ လုပ်ငန်း မဟုတ်သော အခြားဝင်ငွေရ လုပ်ငန်း အဖြစ် လုပ်ကိုင်သူ (ဦးရေ)	ရပ်တည်နိုင်မှု (မှတ်ချက်ကို သေချာစွာ ဖတ်ပြီး မှန်ရာတစ်ခုကိုသာ ရွေးရန်။)
		အိမ်ထောင်စု	မိသားစုဝင် လုပ်အား		
	ကိုယ်ပိုင် လုပ်ငန်း	-	-	-	မြင့် □ လတ်□ နိမ့် □
	အလုပ်သမား / ဝန်ထမ်း	-	-	-	မြင့် □ လတ်□ နိမ့် □
	စုစုပေါင်း	၂၀၃	၂၇၅	၁၇၆	☒

ရင်းမြစ် ... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။**

မှတ်ချက်။ ။"အခြားဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သူများ" အရေအတွက်တွင် **"မိသားစုဝင်လုပ်အား" ထပ်မံ ထည့်သွင်း**ကောက်ယူခြင်း မပြုရပါ။ **"ရပ်တည်နိုင်မှု (နိမ့်၊ လတ်၊ မြင့်)"** ဆိုသည်မှာ ဖော်ပြပါ လုပ်ငန်းတစ်ခုတွင် ကိုယ်ပိုင်လုပ်ငန်းလုပ်လိုသူ (သို့မဟုတ်) အလုပ်သမား/ဝန်ထမ်းအဖြစ် လုပ်ကိုင်လိုသူ များအတွက် အလုပ်အကိုင်အခွင့်အလမ်းရရှိနိုင်မှု အခြေအနေကို ဆိုလိုပါသည်။ ဥပမာ -**"စိုက်ပျိုးရေး"** ကဏ္ဍ ၏ **"ကိုယ်ပိုင်လုပ်ငန်း"**တွင် ရပ်တည်နိုင်မှု "**မြင့်**" ဆိုပါက အဆိုပါလုပ်ငန်းတွင် ကိုယ်ပိုင်လုပ်ငန်း တစ်ခု လုပ်ကိုင်ရန် အခွင့်အလမ်းများနေသည်ဟု ဆိုလိုပါသည်။

လေ့လာတွေ့ရှိချက်။ ။ အောင်ကန်သာကျေးရွာသည် ရေလုပ်ငန်းနှင့်ကျပန်းလုပ်ငန်းကို အဓိကထားလုပ်ကိုင်သူ ဦးရေ များပြားကြောင်းတွေ့ရှိရပါသည်။

(ခ-၂) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

ဇယား (၃) လုပ်ငန်းနှင့် ကျား၊ မအလိုက် အနည်းဆုံးနှင့် အများဆုံး လုပ်အားခနှုန်းထား

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
၁	လယ်ယာစိုက်ပျိုးရေး	နေ့စား	၁၀၀၀၀	၇၀၀၀	၈၀၀၀	၆၀၀၀
၂	တိရစ္ဆာန်မွေးမြူရေး	နေ့စား	-	-	-	-
၃	ငါးလုပ်ငန်း (ရေချို/ရေငန် ငါးဖမ်းခြင်း၊ မွေးမြူခြင်း)	နေ့စား	၁၀၀၀၀	-	၈၀၀၀	-
၄	သတ္တုတူးဖော်ရေး၊ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝရင်းမြစ်များ ထုတ်လုပ်ခြင်း	နေ့စား	-	-	-	-
၅	ထုတ်ကုန်လုပ်ငန်း	နေ့စား	-	-	-	-
၆	ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံလုပ်ငန်း	နေ့စား	၁၀၀၀၀	-	၈၀၀၀	-
၇	ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံးပစ္စည်းများ ပြင်ဆင်ရေး	ပုတ်ပြတ်	၃၀၀၀၀	-	၁၀၀၀၀	-
၈	လက်လီ-လက်ကား ရောင်းဝယ်ရေး	နေ့စား	၆၀၀၀	၄၅၀၀	၄၅၀၀	၃၅၀၀
၉	ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊	နေ့စား	-	-	-	-

#	အလုပ်အကိုင်	ရေတွက်ပုံ	အများဆုံး (ကျပ်)		အနည်းဆုံး (ကျပ်)	
			ကျား	မ	ကျား	မ
	အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်း ပေးသူ စသည်)					
၁၀	ဟိုတယ်နှင့် စားသောက်ဆိုင် လုပ်ငန်း	နေ့စား	-	-	-	-

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု၊ လယ်သမား အုပ်စု။

မှတ်ချက် (၁) လခစား အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (လစာ ÷ ၂၂.၇၅)

(၂) နာရီတွက်ဖြင့် ရသော အလုပ်သမားများ၏ တစ်ရက်ဝင်ငွေ = (တစ်နာရီဝင်ငွေ × ၈)

လေ့လာတွေ့ရှိချက်။ ။လုပ်ငန်းများတွင် ဝင်ငွေခြားနားရခြင်းမှာ လုပ်ငန်းကျွမ်းကျင်မှုအပေါ် မူတည်ပြီး ကျား/မ ဝင်ငွေကွာခြားရခြင်းမှာလဲ လုပ်အားစိုက်ထုတ်နိုင်မှုအပေါ်တွင် မူတည်ပါသည်။

(ဂ) သဘာဝရင်းမြစ်များ

(ဂ-၁) စိုက်ပျိုးနိုင်သော မြေဧရိယာ

ဇယား (၄) ကျေးရွာ၏စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာ အရည်အသွေး (မှန်ရာတစ်ခုကိုသာ ရွေးရန်)		
လယ်မြေ	၄၆	ကောင်း ✓	သင့်□	ညံ့ □
ယာမြေ / တောင်ယာမြေ	-	ကောင်း □	သင့်□	ညံ့ □
ဥယျာဉ်ခြံမြေ	–	ကောင်း □	သင့်□	ညံ့ □
ကိုင်း/ကျွန်းမြေ	-	ကောင်း □	သင့်□	ညံ့ □
ခနိတောမြေ	-	ကောင်း □	သင့်□	ညံ့ □
စားကျက်မြေ	-	ကောင်း □	သင့်□	ညံ့ □
မြေလွတ် မြေလပ်	-	ကောင်း □	သင့်□	ညံ့ □
စုစုပေါင်း	၄၆	☒		

ရင်းမြစ် … (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၃) လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ (၄) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

မှတ်ချက်။ ။ မြေလွတ်မြေလပ် ဆိုသည်မှာ ယခင်က သီးစားခံယူလုပ်ကိုင်လာခဲ့ပြီး အကြောင်းအမျိုးမျိုးကြောင့် စွန့်လွတ်ထားသည့် သီးစားခံယူလုပ်ကိုင်သူမရှိသော စိုက်ပျိုးရေး (သို့) မွေးမြူရေးလုပ်ကိုင်နိုင်သည့် မြေနှင့် နိုင်ငံတော်က သီးသန့်လျာထားသတ်မှတ်သည့် မြေများကို ဆိုသည်။

လေ့လာတွေ့ရှိချက်။ ။ လယ် (၄၆) ဧကရှိပြီးလယ်လုပ်ကိုင်သည့်အိမ်ထောင်စု(၆)စုရှိပါသည်။

(ဂ-၂) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

ဇယား (၅) ဓာတ်သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ

အမျိုးအစား	ကျေးရွာနှင့် အနီးပတ်ဝန်းကျင်တွင် သဘာဝအတိုင်း တွေ့ရှိနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အသုံးချနိုင်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
သတ္တုနှင့် အခြားတွင်းထွက်သယံဇာတများ (ဓာတ်ငွေ့၊ ရေနံ၊ ကျောက်မျက် စသည်။)	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
ကျောက်၊ သဲ၊ ကျောက်စရစ်စသည်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ အပင်မျိုးစိတ်များ (နွားစာ၊ဆေးဘက်ဝင်အပင်များ)	များ ☐ သင့်☐ နည်း ✓ မရှိ ☐	လွယ် ☐ ခက်✓ အသုံးမပြုနိုင်ပါ ☐
သဘာဝ တိရစ္ဆာန်မျိုးစိတ်များ	များ ☐ သင့်☐ နည်း ☐ မရှိ ✓	☒

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ သစ်တောဦးစီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။သတ္တုနှင့် အခြားသဘာဝရင်းမြစ်များ မထွက်ရှိပါ။ သဘာဝ အပင်မျိုးစိတ် အနည်းငယ်သာပေါက်ရောက်ပါသည်။

(ဃ) ဥစ္စာဓနအဆင့် အခြေအနေ

ဇယား (၆) ဥစ္စာဓနအဆင့် အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိသောအိမ်ထောင်စု	မပြေလည်သော အိမ်ထောင်စု	အလွန်မပြေလည်သောအိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၁၀ ဧကအထက်	–	–	–
အိမ်အခြေအနေ	အုတ်ခံ၊ပျဉ်ထောင်အိမ်	အုတ်ခံ၊ပျဉ်ထောင်အိမ်	ဖက်မိုး၊ဇလီကာအိမ်	ဝါးအိမ် ဖက်မိုး၊ဖက်မိုးဖက်ကာအိမ်
ကုန်ထုတ်လုပ်မှုနှင့် ဆိုင်သော ပိုင်ဆိုင်မှု	ထော်လာဂျီ၊ ဆိုင်ကယ်၊စက်ဘီး	လှေ၊ဆိုင်ကယ်၊ စက်ဘီး	လှေ၊စက်ဘီး	-
အဓိကစီးပွားရေး လုပ်ငန်း	လယ်၊ရေ၊ မွေးမြူရေး	ရေ၊မွေးမြူရေး	ရေ၊မွေးမြူရေး	ကျပန်း
အိမ်ထောင်စု	၄	၅၀	၃၀	၁၁၉

ရင်းမြစ် ... (၁) ကျေးရွာလုံးကျွတ် အစည်းအဝေးပြုလုပ်ခြင်း။

လေ့လာတွေ့ရှိချက်။ ။ အောင်ကန်သာကျေးရွာတွင် ကျပန်းလုပ်ကိုင်သည့်အိမ်ထောင်စုများသဖြင့် အလွန်အဆင်မပြေသောအိမ်ထောင်စုများစွာရှိ ပါသည်။

(c) ထိခိုက်လွယ်မှု

(c-၁) ဝမ်းစာ ဖူလုံမှု

ဇယား (၇) ချေးငှားခြင်းမရှိဘဲ တစ်နေ့လျှင် အနည်းဆုံး နှစ်နပ်စားနိုင်သည့် အိမ်ထောင်စုများ (ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီ)

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	ဖြေရှင်းသည့် နည်းဗျူဟာ (ဖြေရှင်းနည်း တစ်ခုစီအလိုက် အိမ်ထောင်စု အရေအတွက်များကို ဖော်ပြရန်)
၃ လအောက် ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၃ လနှင့် ၆ လကြား ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____
၆ လ မှ ၁၂ လအထိ ဝမ်းစာဖူလုံမှု		အခြားအစာပြောင်းလဲစား = _____ အစာလျှော့စား = _____ အထောက်အပံ့ယူ = _____ ချေးယူ = _____ လုပ်အားခကြိုယူ = _____

ရင်းမြစ်..ဥစ္စာဓနအဆင့် "၃" နှင့် "၄" အိမ်ထောင်စုပေါင်း၏ ၃၀ ရာခိုင်နှုန်းစီအားစစ်တမ်းကောက်ယူခြင်း။

လေ့လာတွေ့ရှိချက်။ ။……

……

……

……

……

……

……

……

……

(၄-၂) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

ဇယား (၈) ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု အခြေအနေ

အကြောင်းအရာ	ကျား	မ	ပေါင်း
မိသားစုစောင့်ရှောက်မှုမရှိသော သက်ကြီးရွယ်အို ၆၄ နှစ်နှင့်အထက်	-	-	-
မိသားစု/ရပ်ရွာ၏စောင့်ရှောက်မှုမရှိသော မသန်စွမ်းသည့် ပုဂ္ဂိုလ်	-	-	-
	အိမ်ထောင်စု အရေအတွက်		
ဆင်းရဲ၍မိသားစုဦးရေများသည့် အမျိုးသမီးဦးဆောင် အိမ်ထောင်စု	-		
ဆင်းရဲ၍မိသားစုဦးရေများသည့် မုဆိုးဖို/ တစ်ခုလပ် အိမ်ထောင်စု	-		
အခြားဒေသသို့ ကြာမြင့်စွာ သွားရောက် နေထိုင်လုပ်ကိုင်နေသည့် ဆင်းရဲသည့် အိမ်ထောင်စု	-		

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။အောင်ကန်သာကျေးရွာတွင် ကူညီစောင့်ရှောက်မှုလိုအပ်သော အိမ်ထောင်စုများမရှိပါ။

(၄-၃) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား (၉) ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)			
၁	စားနပ်ရိက္ခာ မဖူလုံမှု	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၂	သဘာဝရင်းမြစ် ရှားပါးမှု (မြေ၊ ရိုက်ပျိုးရေ)	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၃	ရေကြီးခြင်း	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၄	မိုးခေါင်ခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၅	အအေးလွန်ကဲခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၆	မုန်တိုင်း	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၇	ငလျင်	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၈	မီးဘေး	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၉	ဆားငန်ရေဝင်မြေ	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ☐
၁၀	မြေပြိုခြင်း၊ မြေဆီလွှာ ပျက်ယွင်းမှု	မြင့် ☐	လတ် ✓	နိမ့်☐	မရှိ ☐
၁၁	သစ်တောပြုန်းတီးခြင်း	မြင့် ✓	လတ် ☐	နိမ့်☐	မရှိ ✓
၁၂	၄ကပျားရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၃	တီဘီရောဂါ	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၄	ကိုယ်ခံအားကျဆင်းမှုရောဂါ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၅	ပြည်တွင်း ပဋိပက္ခ	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓
၁၆	တိရစ္ဆာန် ကူးစက်ရောဂါ ကျရောက်မှု	မြင့် ☐	လတ် ☐	နိမ့်✓	မရှိ ☐
၁၇	လူကုန်ကူးခြင်း	မြင့် ☐	လတ် ☐	နိမ့်☐	မရှိ ✓

စဉ်	ထိခိုက်လွယ်မှု အမျိုးအစား	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁၈	ဝေးလံခေါင်သီ/လမ်းပန်း ဆက်သွယ်ရေး ခက်ခဲ စသည်	မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်နှင့်နီးသဖြင့် မုန်တိုင်းဝင်ရောက်မှုနှင့် ဆားငံရေ ဝင်ရောက်မှု ရှိပါသည်။ ဒီရေတောပြုန်းမှုရှိပါသည်။လမ်းပန်းဆက်သွယ်ရေး ခက်ခဲပါသည်။

(c-၄) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

ဇယား (၁၀) ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ

စဉ်	ထိခိုက်သက်ရောက်မှု ခံရနိုင်သည့်သူများ	ထိခိုက်လွယ်မှု (မှန်ရာတစ်ခုကိုသာ ရွေးရန်)
၁	လူငယ်	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၂	အမျိုးသမီး ဦးဆောင်သည့် ဆင်းရဲသည့် အိမ်ထောင်စု	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၃	ဆင်းရဲသားတောင်သူ	မြင့် ☐ လတ် ✓ နိမ့်☐ မရှိ ☐
၄	သဘာဝဘေးဒဏ် ဆိုးရွားစွာ ကျရောက်နိုင်သော အိမ်ထောင်စု/ ကူးစက်ရောဂါ ထူပြောသောဒေသတွင် နေထိုင်သူ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၅	ပင်လယ်/မြစ်ကမ်းဘေး နေထိုင်သူများ	မြင့် ✓ လတ် ☐ နိမ့်☐ မရှိ ☐
၆	မတော်တဆမှုဖြစ်နိုင်ခြေများသော နေရာ (Prone to accident) တွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၇	ပြည်တွင်းနေရပ်စွန့်ခွာရွှေ့ပြောင်းခံရသူများ (IDP)	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၈	မြေနိမ့်ပိုင်း နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၉	ငါးကန်ပိုင်ရှင်များ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၀	လက်လုပ်လက်စားများ၊ ကျပန်းများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၁	လူနည်းစုလူမျိုးများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၂	ဒေသတွင်းပဋိပက္ခ ဧရိယာတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၃	နယ်စပ်ဒေသတွင် နေထိုင်သူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၄	ရွှေတွင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၅	လှည့်လည်သွားလာ၍ ဈေးရောင်းသူများ	မြင့် ☐ လတ် ☐ နိမ့်☐ မရှိ ✓
၁၆	နေရပ်ပြန် အခြေချသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၇	ရွှေ့ပြောင်းလုပ်သားများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐
၁၈	ကားမောင်းပြီး အသက်မွေးသူများ	မြင့် ☐ လတ် ☐ နိမ့်✓ မရှိ ☐

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ ပင်လယ်ကမ်းဘေးနေထိုင်သူများ အန္တရာယ်ကျရောက်ပါက ထိခိုက်လွယ်မှု

မြင့်မားကြောင်း တွေ့ရှိရပါသည်။

(၂) ကျေးရွာ၏ လက်ရှိ ဖွံ့ဖြိုးရေး အခြေအနေ

(က) ဖွံ့ဖြိုးရေးအဖွဲ့အစည်းများ အခြေအနေ

(က-၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား (၁၁) ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုးအစား (မှန်ရာတစ်ခု ကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
၁	အုပ်ချုပ်ရေး	၁☐ ၂✓ ၃☐	၁၅	၂	၁၇	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ✓	ကောင်း ☐ သင့် ✓ ညံ့ ☐
၂	သာရေး/ နာရေးအဖွဲ့	၁☐ ၂✓ ၃☐	၁၂	၁	၁၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ☐ သင့် ✓ ညံ့ ☐
၃	ကျေးရွာ ဖွံ့ဖြိုး တိုးတက်ရေး အဖွဲ့	၁☐ ၂✓ ၃☐	၁၂	၃	၁၅	ပညာရေး ☐ ငွေကြေး ✓ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၄	ကျောင်းအ ကျိုးတော် ဆောင်အဖွဲ့	၁☐ ၂✓ ၃☐	၈	၇	၁၅	ပညာရေး ✓ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ☐ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၅	မိခင်နှင့် ကလေး စောင့်ရှောက် ရေး	၁☐ ၂✓ ၃☐	၀	၅	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၆	အမျိုးသမီး	၁☐ ၂✓ ၃☐	၀	၅	၅	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ✓ ဘာသာရေး ☐	ကောင်း ✓

စဉ်	အဖွဲ့အစည်းအမည်	အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်းတာဝန် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။)	စွမ်းဆောင်နိုင်မှု (မှန်ရာတစ်ခု ကိုသာ ရွေးရန်)
			ကျား	မ	ပေါင်း		
	ရေးရာ					စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	သင့် ☐ ညံ့ ☐
၇	ကာလသား	၁☐ ၂✓ ၃☐	၄၀	–	၄၀	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၈	ကာလသမီး	၁☐ ၂✓ ၃☐	၀	၃၃	၃၃	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐
၉	အိုးသူကြီးအဖွဲ့	၁☐ ၂✓ ၃☐	၃	၁	၄	ပညာရေး ☐ ငွေကြေး ☐ ကျန်းမာရေး ☐ ဘာသာရေး ✓ စိုက်ပျိုးမွေးမြူရေး ☐ သာရေး/နာရေး၊လူမှုဖွံ့ဖြိုးရေး ✓ လုံခြုံရေးနှင့် ကာကွယ်ရေး ☐	ကောင်း ✓ သင့် ☐ ညံ့ ☐

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု၊ အမျိုးသမီး အုပ်စု။

အုပ်စုအမျိုးအစား

(၁) **စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်။**

(၂) **လူမှုရေးအဖွဲ့ - ဥပမာ - အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့။**

(၃) **ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့။**

လေ့လာတွေ့ရှိချက်။ ။ကျေးရွာအတွင်းရှိအဖွဲ့အစည်းများသည် ကျေးရွာ၏သာရေး၊နာရေး၊ လူမှုဖွံ့ဖြိုးရေး၊ ဘာသာရေး၊ ကျန်းမာရေး၊ ပညာရေး၊ ကျေးရွာဖွံ့ဖြိုးရေးအတွက် ချိတ်ဆက် ဆောင်ရွက် နေကြပါသည်။

(က-၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား (၁၂) ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)

စဉ်	အမည်	အဖွဲ့အစည်း အမျိုးအစား (မှန်ရာတစ်ခုကိုသာ ရွေးရန်)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ် (အနည်းဆုံးတစ်ခုနှင့်အထက်ရွေးနိုင်သည်)
၁	Easy	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇✓	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၂	Vesion Myanmar	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇✓	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၃	BNK	၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇✓	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၄	**မုတ္တမပင်လယ်ကွေ့ အဖွဲ့**	၁□ ၂✓ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး ✓ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □
၅		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး ✓ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး ✓
၆		၁□ ၂□ ၃□ ၄□ ၅□ ၆□ ၇□	ပညာရေး □ ငွေကြေး □ ကျန်းမာရေး□ ဘာသာရေး□ စိုက်ပျိုးမွေးမြူရေး □ သာရေး/နာရေး၊ လူမှုဖွံ့ဖြိုးရေး □

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - ရပ်မိရပ်ဖ အုပ်စု။

မှတ်ချက်။

(၁) **ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း** (ပြည်တွင်း/ ပြည်ပ) (**ဥပမာ – ဓမ္မစကူးလ် ဖောင်ဒေးရှင်း၊** Christian Aid Missions **စသည်**)

(၂) **အစိုးရမဟုတ်သောအဖွဲ့အစည်း** (ပြည်တွင်း/ပြည်ပ) (**ဥပမာ** – Care International, Save the Children, Gret, Pact Myanmar **စသည်**)

(၃) **အရပ်ဘက်လူမှုအဖွဲ့အစည်း**

(၄) **နိုင်ငံအများ၏ ရန်ပုံငွေဖြင့်ဆောင်ရွက်သော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ-ကုလသမဂ္ဂအဖွဲ့၊ ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်**)

(၅) **နိုင်ငံတစ်ခု၏ ရန်ပုံငွေဖြင့် ဖွဲ့စည်းထားသော ဖွံ့ဖြိုးရေး အဖွဲ့အစည်းများ** (**ဥပမာ** GIZ, UKAid, USAid, **စသည်**)

(၆) **ပရဟိတအဖွဲ့** (ပြည်တွင်း/ ပြည်ပ)

(၇) **ပုဂ္ဂလိကအဖွဲ့အစည်းများ**

နိုင်ငံတော်မှ ဒေသအကျိုး၊ ပြည်သူ့အကျိုးကို ထိရောက်စွာထမ်းဆောင်နိုင်စေရန်အလို့ငှာ ဥပဒေ၊ နည်းဥပဒေ၊ လမ်းညွှန်ချက်များဖြင့် ပြဋ္ဌာန်းကာ ဖွဲ့စည်းပေးထားနေသော အဖွဲ့အစည်း၊ အသင်းအဖွဲ့များ (ဥပမာ - သမဝါယမဦးစီးဌာန၏ သမဝါယမအသင်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန၏ မြစိမ်းရောင်စသည်) တို့ကို ဤဇယားတွင် ထည့်သွင်းဖော်ပြခြင်း မပြုပါရန်။

လေ့လာတွေ့ရှိချက်။ ။ အောင်ကန်သာကျေးရွာတွင် ပုဂ္ဂလိက ငွေစုငွေချေးအဖွဲ့အစည်းများထံမှ အရင်းအနှီးအတွက် ချေးငွေများရယူနေကြပါသည်။

(ခ) စီးပွားရေးနှင့် အသက်မွေးမှု အခြေအနေ

(ခ-၁) သီးနှံထုတ်လုပ်ရေး

(၁) စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၃) ကျေးရွာ၏**စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု**

စဉ်	မြေပိုင်ဆိုင်မှုအရွယ်အစား	အိမ်ထောင်စု အရေအတွက်	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၁၉၆	မြေမဲ့ယာမဲ့
၂	၂.၅ ဧကအောက်	–	ဆင်းရဲသားတောင်သူ
၃	၂.၅ ဧကမှ ၅ ဧက ကြား	၂	တောင်သူငယ်
၄	၅ ဧကမှ ၁၂.၅ ဧက ကြား	၄	တောင်သူလတ်
၅	၁၂.၅ ဧက အထက်	၁	တောင်သူကြီး
ကျေးရွာရှိအိမ်ထောင်စု စုစုပေါင်း		၂၀၃	

ရင်းမြစ် ... (၁) အိမ်ထောင်စုစာရင်း ကောက်ယူမှု၊ (၂) ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး။

လေ့လာတွေ့ရှိချက်။ ။ အောင်ကန်သာကျေးရွာတွင် လယ်ယာစိုက်ပျိုးမြေပိုင်ဆိုင်သည့် အိမ်ထောင်စု(၇)စုသာ ရှိပါသည်။ ကျန်မြေယာမဲ့ အိမ်ထောင်စုများမှာ ရေလုပ်ငန်းနှင့် ကျပန်းလုပ်ကိုင်ကြသည့် အိမ်ထောင်များဖြစ်ပါသည်။

(၂) အစိုးရနှင့် ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့် ဧရိယာ

ဇယား (၁၄) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် **ရေသွင်းဧရိယာ**

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ တစ်ခုကိုသာ ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာတစ်ခုကိုသာရွေးရန်)
၁	ဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၂	ရေလွှဲဆည်	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၃	မြစ်ရေတင်စီမံကိန်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

စဉ်	အရင်းအမြစ်	ရေသောက် (ဧက)	ရေရရှိနိုင်မှု	
			တစ်နှစ်ပတ်လုံး/ ရာသီအလိုက် (မှန်ရာ <u>တစ်ခုကိုသာ</u> ရွေးရန်)	လုံလောက်မှု (ရှိ/မရှိ) (မှန်ရာ<u>တစ်ခုကိုသာ</u>ရွေးရန်)
၄	ရေသွင်းမြောင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၅	အဝီစိတွင်း	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၆	လက်ငင်း ရေတွင်း	–	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၇	စိမ့်စမ်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □
၈	ချောင်းရေ	-	တစ်နှစ်ပတ်လုံး□ ရာသီအလိုက်□ မဖြေဆိုပါ□	ရှိ□ မရှိ□ မဖြေဆိုပါ □

ရင်းမြစ် ... (၁) ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊ (၂) ဆည်မြောင်းဦးစီးဌာန၊ စိုက်ပျိုးရေး ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။စိုက်ပျိုးရေးကို မိုးရေကိုသာအသုံးပြု၍ စိုက်ပျိုးကြပါသည်။ အခြား ရာသီပေါ်သီးနှံများအတွက်ရေကို မိုးရေလှောင်ကန်မှ ရယူသုံးစွဲကြပါသည်။

(၃) အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၅) အဓိကသီးနှံများနှင့် အထွက်နှုန်း

သီးနှံ	စုစုပေါင်း စိုက်ဧက	တစ်ဧက အထွက်နှုန်း				သီးနှံ စိုက်ပျိုး သည့် ကာလ		သွင်းအားစု လိုအပ်ချက် (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)	အမြတ် ရရှိနိုင်မှု (မှန်ရာ<u>တစ်ခုကို သာ</u> ရွေးရန်)
		ယူနစ်	အနည်းဆုံး	အများဆုံး	ပျှမ်းမျှ	မှ	ထိ		
စပါး	၄၆	၄၀	၆၀	၅၀	၄၃	မေ	နိုဝင်ဘာ	မြင့်□ လတ်□ နိမ့်✓	မြင့်□ လတ်✓နိမ့်□
								မြင့်□ လတ်□ နိမ့်□	မြင့်□ လတ်□နိမ့်□
								မြင့်□ လတ်□နိမ့်□	မြင့်□ လတ်□နိမ့်□

ရင်းမြစ် ... ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ စပါးစိုက်ပျိုးမှု နည်းပါးပါသည်။ ရေလုပ်ငန်းကိုသာ အဓိကထား လုပ်ကိုင်နေကြပါသည်။

(၄) လယ်ယာသုံး စက်ကိရိယာများ

ဇယား (၁၆) ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

စက်အမျိုးအစား	တစ်ဦးချင်းပိုင်	ရွာပိုင်	အဖွဲ့ပိုင်	ငှားရမ်းလုပ်ကိုင်နေသော တောင်သူအရေအတွက်
ထွန်စက်	–	–	–	၂
လက်တွန်းထွန်စက်	–	–	–	၁
အစေ့ချ ကိရိယာ	–	–	–	–
ရိတ်သိမ်းခြွေလှေ့စက်	–	–	–	၁
ရိတ်သိမ်းစက်	–	–	–	၁
ခြွေလှေ့စက်	–	–	–	၁
ရေစုပ်စက်	–	–	–	၁
ခြေနင်းရေတင်စက်	–	–	–	–
မြက်ရိတ်စက်	–	–	––	၁

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ စိုက်ပျိုးရေးသုံး ကိရိယာများကို ခေတ္တငှားရမ်း အသုံးပြုနေကြပါသည်။

(၅) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား (၁၇) သီးနှံအထွက်နှုန်း တိုးစေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက် (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက်စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကိုရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	**အလွန်ကောင်း✓ ကောင်း□ သင့်တင့်မျှတ□**
လယ်ယာမြေ အသုံးချနိုင်မှု	**အလွန်ကောင်း□ ကောင်း✓ သင့်တင့်မျှတ□**
စိုက်ပျိုးရေ အရင်းအမြစ်	**ပေါများ ✓ အသင့်အတင့်ရှိ□**
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	**အလွယ်တကူရသည် ✓ ရသည် □**
သီးနှံမျိုးစေ့ ရရှိနိုင်မှု	**မျိုးကောင်းမျိုးသန့်များကို လွယ်ကူစွာ ဝယ်ယူနိုင်သည် ✓** **သီးနှံမျိုးစေ့များ ဝယ်ယူရရှိနိုင်သည် □**
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ ဝယ်ယူရနိုင်သည် □**
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	**လွယ်ကူစွာဝယ်ယူ/ရနိုင်သည်✓ ဝယ်ယူရနိုင်သည် □**
လုပ်သားရရှိနိုင်မှု	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✓**
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	**အလွယ်တကူ ရနိုင်သည်□ ရနိုင်သည်✓**
သီးနှံစျေးကွက်နှင့် ကုန်သွယ်မှု	**သီးနှံများကို လွယ်ကူစွာနှင့် စျေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ✓** **သီးနှံများကို ရောင်းချနိုင်သည် □**

ရင်းမြစ် ... (၁) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု၊** (၂) **သက်ဆိုင်ရာမြို့နယ်အစိုးရဦးစီး**

ဌာနများ။

လေ့လာတွေ့ရှိချက်။ ။သဘာဝရေမြေရာသီဥတုမှာ ကောင်းမွန်သဖြင့် သီးနှံ စိုက်ပျိုးရေးအတွက် အဆင်ပြေကြပါသည်။ မြို့နှင့်ဝေးသော်လည်း သီးနှံမျိုးစေ့များ၊ စိုက်ပျိုးရေး မြေဩဇာများကို အလွယ်တကူ ဝယ်ယူရရှိနိုင်ပြီး စိုက်ပျိုးရေးလုပ်ငန်း ထွက်ကုန် များကိုလည်း ကုန်သည်၊ ပွဲစား များနှင့် ဈေးတွင် ဈေးနှုန်းမှန်ကန်စွာဖြင့် အလွယ်တကူ ရောင်းချနိုင်ပါသည်။

(၆) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ဇယား (၁၈) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် အခက်အခဲများ

ပြဿနာနှင့် အခက်အခဲများ	ဖော်ပြချက်/ရှင်းလင်းချက် (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၁၇ နှင့် ၁၈ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက “မဖြေဆိုပါ” ဟူသော အကွက်ကို ရွေးရန်။)
သဘာဝ ရေမြေရာသီဥတု အနေအထား	မြေဆီဩဇာမကောင်း☐ ရာသီဥတုမမှန်☐
လယ်ယာမြေ အသုံးချနိုင်မှု	လယ်ယာမြေတိုးချဲ့နိုင်မှုမရှိပါ ☐ လယ်ယာမြေဆုံးရှုံးမှုများသည် ☐ လယ်ယာမြေဆုံးရှုံးမှု အသင့်အတင့်ရှိသည် ☐ ပလပ်မြေများရှိသည် ☐ ပလပ်မြေအသင့်အတင့်ရှိသည်☐
စိုက်ပျိုးရေ အရင်းအမြစ်	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
ချေးငွေနှင့် ငွေကြေးဝန်ဆောင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
သီးနှံမျိုးစေ့ ရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
သဘာဝမြေဆွေး / အော်ဂဲနစ် မြေဩဇာနှင့် အခြား အော်ဂဲနစ် သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
ဓာတုပိုးသတ်ဆေး၊ ဓာတ်မြေဩဇာနှင့် အခြား ဓာတုဗေဒ သွင်းအားစုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
လုပ်သားရရှိနိုင်မှု	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
နည်းပညာ၊ အုပ်ချုပ်ရေး ပိုင်းဆိုင်ရာ ဝန်ဆောင်မှုများ	အလွယ်တကူမရနိုင် ☐ လုံးဝမရ ☐
သီးနှံဈေးကွက်နှင့် ကုန်သွယ်မှု	သီးနှံများကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐ သီးနှံများကိုရောင်းချရန်ဈေးကွက်မရှိပါ ☐
ဖျက်ပိုးနှင့် ရောဂါကျရောက်မှု	ဆိုးရွားစွာကျ ☐ အသင့်အတင့်ကျ ☐ အနည်းငယ် ✓

ရင်းမြစ် (၁) ဦးတည်အုပ်စုဆွေးနွေးခြင်း - လယ်သမားအုပ်စု၊ (၂) သက်ဆိုင်ရာမြို့နယ် အစိုးရဦးစီးဌာနများ။

လေ့လာတွေ့ရှိချက်။ ။သီးနှံဖျက်ပိုးများ အနည်းငယ် ကျရောက်မှုရှိ့ိပါသည်။

(ခ-၂) မွေးမြူရေးလုပ်ငန်း

(၁) မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှုအခြေအနေ

ဇယား (၁၉) **မွေးမြူရေးနှင့် ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ**

မွေးမြူရေးနှင့် ငါးလုပ်ငန်း	မွေးမြူရေးနှင့် ငါးလုပ်ငန်း လုပ်ကိုင်နေသော အိမ်ထောင်စု	ကောင်ရေ
မွေးမြူရေး		
နွား	၃	၄
နို့စားနွား	–	–
ကျွဲ	–	–
မြင်း	-	-
မြည်း	-	-
လား	-	-
ဆိတ်	-	-
သိုး	-	-
ဝက်	၃၅	၆၇
ကြက်	၁၀၁	၃၈၂
ဘဲ	၁၆	၆၅
နွားနောက်	-	-
ငါးလုပ်ငန်း		
ငါးကန်	၁	၁
ပုဇွန်ကန်	-	-
ဂဏန်း မွေးမြူရေးလုပ်ငန်း	-	-
ရေချို ငါးဖမ်းလုပ်ငန်း	၁	၁
ကမ်းလွန် ငါးဖမ်းလုပ်ငန်း	-	-

ရင်းမြစ်... (၁) **အိမ်ထောင်စုစာရင်း ကောက်ယူမှု၊** (၂) **ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။**

လေ့လာတွေ့ရှိချက်။ ။ ဇရပ်ကျွန်းကျေးရွာတွင် နွား၊ ကြက်၊ ဝက်၊ဘဲ မွေးမြူရေး တို့အား တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ငါး၊ဂဏန်းများကို မွေးမြူကြပါသည်။

(၂) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ

ဇယား (၂၀) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် အခွင့်အလမ်းများ**

အခွင့်အလမ်း	**ဖော်ပြချက်/ ရှင်းလင်းချက်** (မှန်ရာတစ်ခုကိုသာ ရွေးရန်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**ပေါများ ☐ အသင့်အတင့်☐**
ရေရရှိမှု	**အလုံအလောက်ရနိုင်✓ အသင့်အတင့်ရနိုင်☐**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ ရနိုင် ✓** **မျိုးကောင်းတိရစ္ဆာန်များ အသင့်အတင့်ဝယ်ယူ ရနိုင်☐**
ချေးငွေ	**ချေးငွေလွယ်ကူစွာရနိုင်✓ ချေးငွေ အသင့်အတင့်ရနိုင်☐**
သွင်းအားစု (**မွေးမြူရေး အစာ၊ဆေးစသည်**)ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ✓** **သွင်းအားစုများ ဝယ်ယူနိုင်သည် ☐**
ဝန်ဆောင်မှု နှင့် နည်းပညာပံ့ပိုးမှု	**နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐** **နည်းပညာဝန်ဆောင်မှုများ ရနိုင်သည်။ ✓**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ✓** **ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်ရှိသည်☐ အသင့်အတင့်ရှိသည်✓**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**အလွန်ကောင်း ☐ ကောင်း ✓ သင့်တင့်မျှတ ☐**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက် လွယ်ကူစွာ ဝယ်ယူရရှိနိုင်သည် ✓ ဝယ်ယူရနိုင်သည် ☐**
ချေးငွေ	**လိုသလောက် လွယ်ကူစွာ ချေးငွေရရှိနိုင်သည် ✓ ချေးငွေရနိုင်သည် ☐**
သွင်းအားစု လက်လှမ်းမီမှု	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူနိုင်သည် ✓** **သွင်းအားစုများ ဝယ်ယူနိုင်သည် ☐**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ ရနိုင်သည်။ ☐** **နည်းပညာဝန်ဆောင်မှုများ ရနိုင်သည်။ ✓**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် ရောင်းချနိုင်သည် ✓** **ထုတ်ကုန်များကို ရောင်းချနိုင်သည် ☐**
ငါးဖမ်းခွင့် ရရှိနိုင်မှု	**လွယ်ကူသည် ✓ အသင့်အတင့် လွယ်ကူသည် ☐**

ရင်းမြစ် … ဦးတည်အုပ်စု ဆွေးနွေးခြင်း - လယ်သမား အုပ်စု။

လေ့လာတွေ့ရှိချက်။ ။ တိရစ္ဆာန်များကို အိမ်ခြံဝင်းအတွင်း တစ်ပိုင်တစ်နိုင်သာ မွေးမြူကြပါသည်။ မွေးမြူရေးဆိုင်ရာ နည်းပညာ အားနည်းကြပါသည်။ ရေနှင့် ပတ်သက်သော အခက်အခဲများ မရှိပါ။ ပင်လယ်ကမ်းနားနီးသဖြင့် ငါးဖမ်းခြင်းလုပ်ငန်း လုပ်ကိုင်ကြပါသည်။

(၃) မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ဇယား (၂၁) **မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှု တိုးတက်စေရန်အတွက် ပြဿနာနှင့် စိန်ခေါ်မှုများ**

ပြဿနာနှင့် အခက်အခဲများ	**ဖော်ပြချက်/ ရှင်းလင်းချက်** (အနည်းဆုံးတစ်ခုနှင့် အထက် ရွေးနိုင်သည်။ ဇယား ၂၀ နှင့် ၂၁ ကို ချိတ်ဆက် စစ်ဆေးပြီးမှ ဖြေဆိုရန်။ ဖြေဆိုရန် မလိုအပ်ဟု ယူဆသော အချက်များရှိပါက "မဖြေဆိုပါ" ဟူသော အကွက်ကို ရွေးရန်။)
မွေးမြူရေး	
စားကျက်မြေ	**စားကျက်မြေ ရှားပါးသည် ✓ စားကျက်မြေ လုံးဝမရှိပါ ☐**
ရေရရှိမှု	**ရေ ရှားပါးသည် ☐ ရေ လုံးဝမရှိပါ ☐**
မျိုးတိရစ္ဆာန် လက်လှမ်းမီမှု	**မျိုးကောင်းတိရစ္ဆာန်များ လွယ်ကူစွာဝယ်ယူ မရနိုင်ပါ ☐** **မျိုးကောင်းတိရစ္ဆာန်များ လုံးဝ ဝယ်ယူ မရပါ ☐**
ချေးငွေ	**ချေးငွေလွယ်ကူစွာ မရနိုင်ပါ ☐ ချေးငွေ လုံးဝ မရပါ ☐**
သွင်းအားစု (**မွေးမြူရေး အစာ၊ ဆေး စသည်**) ဈေးကွက်	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူ မရနိုင်ပါ ☐** **သွင်းအားစုများ လုံးဝ ဝယ်ယူမရပါ ☐**
ဝန်ဆောင်မှုနှင့် နည်းပညာ ပံ့ပိုးမှု	**နည်းပညာဝန်ဆောင်မှုများ အလွယ်တကူ မရနိုင်ပါ☐** **နည်းပညာဝန်ဆောင်မှုများ မရပါ ☐**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **ထုတ်ကုန်များကို မရောင်းချနိုင်ပါ ☐**
အိမ်ခြံဝင်းအတွင်း မြေနေရာ လုံလောက်မှု	**အလုံအလောက်မရှိပါ ☐ လုံးဝ မရှိပါ ☐**
ငါးလုပ်ငန်း	
ငါး/ပုဇွန်မွေးမြူရန် ရေမြေ အနေအထား	**ရေမြေအနေအထား မကောင်းပါ ☐**
ငါး/ပုဇွန်သားပေါက် လက်လှမ်းမီမှု	**လိုသလောက် လွယ်ကူစွာ ဝယ်ယူမရပါ ☐ လုံးဝ ဝယ်ယူမရပါ ☐**
ချေးငွေ	**လိုသလောက် လွယ်ကူစွာ ချေးငွေမရပါ ☐ လုံးဝ ချေးငွေမရပါ ☐**
သွင်းအားစု လက်လှမ်းမီမှု	**သွင်းအားစုများ လွယ်ကူစွာ ဝယ်ယူမရပါ ☐ သွင်းအားစုများ ဝယ်ယူမရပါ ☐**
နည်းပညာ အကူအညီနှင့် နည်းလမ်းများ	**နည်းပညာဝန်ဆောင်မှုများအလွယ်တကူ မရပါ ☐** **နည်းပညာဝန်ဆောင်မှုများ မရပါ ☐**
ထုတ်ကုန် ရောင်းဝယ်မှု	**ထုတ်ကုန်များကို လွယ်ကူစွာနှင့် ဈေးနှုန်းမှန်ကန်စွာဖြင့် မရောင်းချနိုင်ပါ ☐** **ထုတ်ကုန်များကို လုံးဝ မရောင်းချနိုင်ပါ ☐**
ငါးဖမ်းခွင့် ရရှိနိုင်မှု	**လွယ်ကူပါသည် ☐ မလွယ်ကူပါ ☐**

ငါးလုပ်ငန်း ဦးစီးဌာန။

လေ့လာတွေ့ရှိချက်။ ။ အောင်ကန်သာကျေးရွာတွင် တိရစ္ဆာန်များလွတ်လပ်စွာ အစာရှာစားနိုင်သည့် စားကျက်မြေ ရှားပါးပါသည်။

(ခ-၃) စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းကဏ္ဍ

(၁) စိုက်ပျိုးမွေးမြူရေးမဟုတ်သော အသက်မွေးလုပ်ငန်းများအတွက် အခွင့်အလမ်းများ

